# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 1 , 2023 Volume 72, Number 1

## “မဲခေါင်-လန်ချန်းသစ်သီးပွဲတော် ၂၀၂၃ (မြန်မာ) Mekong-Lancang Fruit Festival 2023 (Myanmar)” ကျင်းပဆောင်ရွက်နိုင်ရေးအတွက် စတုတ္ထအကြိမ် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၌ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် “မဲခေါင်-လန်ချန်းသစ်သီးပွဲတော်၂၀၂၃ (မြန်မာ)” တွင် မြန်မာနိုင်ငံမှဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်များနှင့်ကုန်သည်လုပ်ငန်းရှင်များအောင်မြင်စွာ ပါဝင်ပြသနိုင်ရေးအတွက် စတုတ္ထအကြိမ် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့၊ နေ့လယ် (၁၃:၀၀)နာရီအချိန်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမတွင် Physical/Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နေဒ်မူတာကပေါက အဖွင့်အမှာစကားပြောကြားခဲ့ပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ရောင်းချသူများအသင်းနှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း(၃၉)ဦး တက်ရောက်ခဲ့ကြသည်။

၁.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၈ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၆၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၂၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၄.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၁.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၈.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၁၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၉၈၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

အစည်းအဝေးတွင် "မဲခေါင်-လန်ချန်းသစ်သီးပွဲတော် ၂၀၂၃ (မြန်မာ)" ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များမှ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**Source:** https://myantrade.gov.mm/article/Naypyitaw_31102023_1600

## ဘင်္ဂလားဒေ့ရှ်ဘက်မှ အဝယ်လိုက်ခြင်းကြောင့် ကြက်သွန်ဈေးနှုန်းမြင့်တက်လာ

ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့်ကြက်သွန်ကို ဘင်္ဂလားဒေ့ရှ်ဘက်မှ အဝယ်လိုက်ခြင်းကြောင့် ယခုရက်ပိုင်းအတွင်း တစ်ပိဿာ (၇၀၀) အထိ မြင့်တက်လာကြောင်း ပွဲရုံများမှ စုံစမ်းသိရှိရသည်။

"တရုတ်ဘက်က လမ်းကြောင်းမကောင်းတော့ ဘယ်သူမှ မပို့ရဲဘူး။ အဓိက မြဝတီနဲ့ဘင်္ဂလားဒေ့ရှ်ဘက်ကို တင်ပို့တယ်။ ဒီတစ်ရက်နှစ်ရက်အတွင်းမှာ ဘင်္ဂလားဒေ့ရှ်ဘက်က အဝယ်လိုက်လာတယ်။ ဈေးတွေလည်း တက်လာတယ်"ဟု မုံရွာမြို့ရှိ ကြက်သွန်ပွဲရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စိုက်ပျိုးဝန်ကြီးဌာနက မြန်မာနိုင်ငံမှ ကြက်သွန်တန်ချိန် ၂၀၀ ဝယ်ယူသွားမည်ဟု အသိပေးထုတ်ပြန်ထားသည်။

မြန်မာတနိုင်ငံလုံး အတိုင်းအတာအနေဖြင့် တစ်နှစ်လျှင် ကြက်သွန်နီပိဿာချိန် သိန်း (၆၀၀) ခန့်ထွက်ရှိပြီး ပခုက္ကူ၊ ဆိတ်ဖြူ၊ ဆင်ဖြူကျွန်း၊ စလင်း၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ တောင်တွင်းကြီး၊ မြင်းခြံ၊ တောင်သာ၊ မြစ်သားနှင့် ကျောက်ဆည်နယ်တို့တွင် စိုက်ပျိုးကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=135763

## စစ်တွေကုန်သွယ်ရေးစခန်းမှတဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၁.၁၀.၂၀၂၃ မှ ၂၇.၁၀.၂၀၂၃ အထိ အမှန်တင်ပို့မှုစာရင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၂၁-၁၀-၂၀၂၃) မှ (၂၇-၁၀-၂၀၂၃) အထိ အမှန်တင်ပို့ကုန် ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ ဇီးဖတ်၊ ချင်း(အစို)၊ နနွင်းတက်၊ ကွမ်းသီး၊ အုန်းသီးခြောက်၊ ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွနှင့် ဇီးယိုထုပ်တို့ တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၀၈၂၂၈ ဒသမ ၂၈ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် ကွမ်းသီးတန်ချိန် ၁၈ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ကွမ်းသီး တန်ချိန် ၁၇ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ကွမ်းသီးတန်ချိန် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်းသိရပါသည်။ ယခုအပတ် ကွမ်းသီးတင်ပို့နိုင်မှု ငွေပမာဏမှာ ၄၁၇၆၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရေထွက်ပစ္စည်းအနေဖြင့် ငါးသိုင်းခေါင်းပွ တန်ချိန် ၁၇ ဒသမ ၄၂၄ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးသိုင်းခေါင်းပွတန်ချိန် ၂၀ ဒသမ ၁၁၂ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ငါးသိုင်းခေါင်းပွတန်ချိန် တင်ပို့နိုင် မှုလျော့နည်းသွားကြောင်းသိရပါသည်။ ယခုအပတ် ငါးသိုင်းခေါင်းပွတင်ပို့နိုင်မှု ငွေပမာဏမှာ ၂၃၁၉၇ ဒသမ ၄၄ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

Source: **ရခိုင်ပြည်နယ်ဦးစီးမှူးရုံး**

## ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ် ဈေးနှုန်းအခြေအနေ

မန္တလေးကုန်စည်ဒိုင်တွင် မြေပဲ၊ နေကြာ၊ ဆီကြိတ်ခဲ့ရာမှ ထွက်ရှိလာသည့်ဆီကြိတ်ဖတ်များကို နေ့စဉ် ရောင်းဝယ် လျက်ရှိသည်။ မန္တလေးအနီးတဝိုက်မှ ထွက်ရှိသည့် ဆီကြိတ်ဖတ်များကို မန္တလေးကုန်စည်ဒိုင်တွင် ဈေးကွက်တခုအဖြစ် ဈေးဖွင့်ရောင်းဝယ်ကြခြင်းဖြစ်သည်။ မြေပဲ၊ နှမ်း၊ နေကြာ ကုန်ကြမ်းဈေးအနိမ့်အမြင့်နှင့် တိရစ္ဆာန်အစာဈေးကွက်ပေါ်မူတည်၍

ဆီကြိတ်ဖတ်ဈေးကွက် ပြောင်းလဲဖြစ်ပေါ်ကြောင်း၊ တိရစ္ဆာန်အစာတောင့်စက်ရုံများမှ နေကြာဖတ်ကို အဓိကထားဝယ်ယူပြီး၊ ငါးမွေးမြူရေးလုပ်ငန်းများမှ ပဲဖတ်၊ နှမ်းဖတ်ကို အဓိကထားဝယ်ယူကြောင်းသိရသည်။

**ပဲဖတ်** တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၂၄၅၀ မှ ၂၅၀၀၊ ယခင်တစ်ပတ် ကျပ် ၂၆၀၀ မှ ၂၆၅၀၊ ယခင်လ ကျပ် ၃၀၀၀ မှ ၃၁၅၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၅၀ ၊ယခင်လထက်ကျပ် ၅၅၀ နိမ့်ကျလာသည်။

**နှမ်းဖတ်** တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၂၄၀၀ မှ ၂၄၃၀ ၊ ယခင်တစ်ပတ် ကျပ် ၂၅၀၀ မှ ၂၅၅၀ ၊ ယခင်လ ကျပ် ၂၆၇၀ မှ ၂၇၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၁၂၀ ၊ ယခင်လထက်ကျပ် ၂၇၀ နိမ့်ကျလာသည်။

**နေကြာဖတ်** တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၁၈၅၀ မှ ၁၉၀၀ ၊ယခင်တစ်ပတ် ကျပ် ၁၈၀၀ မှ ၁၈၅၀၊ ယခင်လကျပ် ၂၀၅၀ မှ ၂၁၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀၊ ယခင်လထက်ကျပ် ၂၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှုးရုံး**

## အိန္ဒိယသကြား အထွက်နည်းသဖြင့် ကမ္ဘာ့သကြားဈေး အမြင့်မှာဆက်ရှိမည်


အိန္ဒိယ၏ သကြားထုတ်လုပ်မှုသည် အောက်တိုဘာလ ၁ရက်တွင် စတင်မည့် ၂၀၂၃/၂၄ ဈေးကွက်နှစ်တွင် ၈% အထိ ကျဆင်းဖွယ်ရှိသည်။

ကြံစိုက်ပျိုးမှုတွင် အဓိကကျသောပြည်နယ်များတွင် မိုးရွာသွန်းမှုနည်းပါးသဖြင့် အထွက်နှုန်းကျဆင်းနိုင်သည်။ ကမ္ဘာ့ဒုတိယအကြီးဆုံး သကြားထုတ်လုပ်သူ အိန္ဒိယတွင် သကြားထုတ်လုပ်မှုနည်းပါးခြင်းကြောင့် အစိုးရက သကြားပြည်ပတင်ပို့ရန် ခွင့်ပြုတော့မည် မဟုတ်ချေ။ ထိုအခါ ကမ္ဘာ့သကြားဈေးနှုန်းများ အမြင့်တွင် ဆက်ရှိနေစေမည်ဖြစ်သည်။

"၂၀၂၃/၂၄ ခုနှစ်အတွက် သကြားထုတ်လုပ်မှုက အီသနောထုတ်လုပ်တာကို ထည့်မစဉ်းစားရင် တန်ချိန် ၃၃.၈ သန်းခန့် ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၂/၂၃ မှာ တန်ချိန် ၃၆.၆ သန်း ထွက်ခဲ့ပါတယ်"ဟု အိန္ဒိယသကြားစက်များအသင်း Indian Sugar Mills Association (ISMA) မှ ပြောကြားသည်။ ဩဂုတ်လတွင် ISMA သည် ယခုကြံရာသီ သကြားထုတ်လုပ်မှုကို တန်ချိန် ၃၆.၂ သန်းဟု ခန့်မှန်းခဲ့သည်။

အီသနောထုတ်လုပ်မှုအပါအဝင် ပြည်တွင်းသကြားသုံးစွဲမှုပမာဏ တန်ချိန် ၂၇.၈၅ သန်းထက် ကျော်လွန်သည်ဟု အသင်းက ပြောကြားသည်။ အစိုးရက နှစ်စဉ် အီသနောဝယ်ယူမည့်ဈေးနှုန်းကို ကြေညာပြီးမှသာ အီသနောထုတ်လုပ်ရန် သုံးစွဲမည့် သကြားပမာဏကို ခန့်မှန်းမည်ဖြစ်ကြောင်း ISMA မှ ပြောကြားသည်။

သကြားစက်များသည် ပြီးခဲ့သောဈေးကွက်နှစ်တွင် အီသနောထုတ်လုပ်မှုအတွက် သကြားတန်ချိန် ၄.၁ သန်း သုံးစွဲခဲ့သည်။ ယခုနှစ်တွင်လည်း အလားတူပမာဏကို သုံးစွဲမည်ဆိုပါက စားသောက်ကုန်အဖြစ်သုံးစွဲမည့် သကြားပမာဏတန်ချိန် ၂၉.၆ သန်း ရရှိမည်ဖြစ်သည်။




Maharashtra နှင့် Karnataka တို့တွင် ခြောက်သွေ့သော ရာသီဥတု၏ သက်ရောက်မှုကြောင့် သကြားအထွက် လျော့နည်းစေမည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်ပပို့ကုန်အတွက် လုံလောက်သော ပိုလျှံမှုရှိလာမည် မဟုတ်သဖြင့် အစိုးရအနေဖြင့် ပို့ကုန်ခွဲတမ်းများချပေးရန် မဖြစ်နိုင်တော့ချေ။ ၇ နှစ်တာအတွင်း ပထမဆုံးအကြိမ် သကြားမတင်ပို့ခြင်းဖြစ်သည်။

၂၀၂၁/၂၂ တွင် သကြားစံချိန်တင် ၁၁.၁ သန်း ပြည်ပသို့ တင်ပို့ခဲ့သည်။ ၂၀၂၂/၂၃ တွင် တန်ချိန် ၆.၂ သန်းသာ ပြည်ပတင်ပို့ရန် ခွဲတမ်းချပေးခဲ့သည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/7159-sugar.html

## ဆန်တင်ပို့ရန် အရည်အချင်းပြည့်မီသော ပို့ကုန်လုပ်ငန်းရှင်စာရင်း ဗီယက်နမ်အစိုးရထုတ်ပြန်

ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနရှိ ပို့ကုန်သွင်းကုန်ဦးစီးဌာန၏ ၁၈-၁၀-၂၀၂၃ နေ့ စာရင်းထုတ်ပြန်ချက်အရ ပြည်ပသို့ဆန်တင်ပို့ရန် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသော ပို့ကုန်လုပ်ငန်းရှင်ဦးရေသည် ၁၇၀ ရှိကြောင်း သိရှိရပါသည်။

အဆိုပါကြေညာချက်အရ Ho Chi Minh မြို့တော်သည် သတ်မှတ်အရည်အချင်း ပြည့်မီသော ဆန်တင်ပို့သည့်ကုမ္ပဏီ ၃၇ ခုဖြင့် အများဆုံးဖြစ်ပြီး ၎င်း၏နောက်၌ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ Can Tho မြို့တွင် ၃၆ ခု၊ တောင်ပိုင်းပြည်နယ်များဖြစ်ကြသော Long An နှင့် An Giang တို့တွင် ၂၂ ခုနှင့် ၁၆ ခု အသီးသီးရှိကြောင်း သိရှိရပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ ဗီယက်နမ် နိုင်ငံသည် ၂၀၂၃ ခုနှစ် ပထမ ၉ လအတွင်း ဆန်တန်ချိန် ၆.၆ သန်း၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃.၆၆ ဘီလီယံဖိုး တင်ပို့ခဲ့ပြီး နှစ်အလိုက် ၄၀.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ရာ ဗီယက်နမ်၏ ဆန်တင်ပို့သည့်သက်တမ်း ၃၄ နှစ်အတွင်း ပထမဆုံးအကြိမ် အများဆုံး စံချိန်တင်နိုင်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဗီယက်နမ်၏ နောက်ဆုံးစံချိန်တင်ထားသည့် ဆန်တင်ပို့မှုအများဆုံးသည် ၂၀၁၁ ခုနှစ်တွင် ဆန်တန်ချိန် ၇.၁ သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃.၆၅ ဘီလီယံဖြစ်ပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ဆန်ပို့ကုန်ဈေးနှုန်းများမှာ ကျဆင်းခဲ့ရာ အဆိုပါနှစ်များအတွင်း ဆန်တင်ပို့မှုမှ ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၂.၅ ဘီလီယံအောက်သို့ ရောက်ရှိခဲ့သည်။ ဗီယက်နမ်၏ ဆန်တင်ပို့မှုမှာ ၂၀၁၉ ခုနှစ်တွင် ပြန်လည်ဦးမော့ကောင်းမွန်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၂.၇ ဘီလီယံ ရရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃.၅ ဘီလီယံတန်ဖိုးအထိ ဆန်တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၀၈ ခုနှစ်တွင် ဆန်ဈေးနှုန်းမြင့်တက်မှုနှင့်နိုင်းယှဉ်ပါက ဗီယက်နမ်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ဈေးကွက်အခွင့်အလမ်းများကို ထိရောက်စွာအသုံးချနိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ဆန်ကွဲ ၅% ပါဝင်သည့်ဆန် ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ အထိ အမြင့်ဆုံးရောက်ရှိခဲ့သော်လည်း ဗီယက်နမ်အစိုးရ၏ ဆန်တင်ပို့မှုအပေါ် တားမြစ်ပိတ်ပင်ခဲ့မှုကြောင့် လုပ်ငန်းရှင်အနည်းငယ်မျှကသာ အဆိုပါဈေးနှုန်းဖြင့် တင်ပို့နိုင်ခဲ့သည်။

ဗီယက်နမ်ဆန်၏ အမြင့်ဆုံးပို့ကုန်ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀၀ ရှိခဲ့ကြောင်း၊ စတုတ္ထသုံးလပတ်ကာလအတွင်း တစ်လလျှင် ဆန်တန်ချိန် ၅ သိန်းခန့် တင်ပို့နိုင်ဖွယ်ရှိပြီး ၂၀၂၃ ခုနှစ်အတွင်း ဆန်တန်ချိန် ၈ သန်းခန့် စံချိန်တင် တင်ပို့လျက် ဝင်ငွေအမေရိကန်ဒေါ်လာ ၄.၅ ဘီလီယံခန့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: Vietnam Plus, 19 Oct 2023** (လယ်ယာထွက်ကုန်များနှင့်အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

**Source:https://www.doca.gov.mm/my/node/14771**

https://myantrade.gov.mm/article/Naypyitaw_1112023_1139

## အသစ်ဖွဲ့စည်းခဲ့သော အိန္ဒိယအမျိုးသားပို့ကုန်များ သမဝါယမလီမိတက်မှ ဆန်တင်ပို့မှုစတင်

အိန္ဒိယနိုင်ငံ၌ မကြာသေးမီကာလအတွင်း နိုင်ငံပိုင်ကော်ပိုရေးရှင်းတစ်ခုအဖြစ် အသစ်တည်ထောင်ဖွဲ့စည်းခဲ့သော အမျိုးသားပို့ကုန်များ သမဝါယမလီမိတက် (National Cooperative Exports Ltd – NCEL) သည် အာဖရိကအရှေ့ပိုင်းရှိ မောရစ်သျှနိုင်ငံသို့ ဘာစမာတီမဟုတ်သော ဆန်တန်ချိန် ၁၉၅၀ ကို တင်ပို့ခြင်းဖြင့် ၎င်း၏ပထမဦးဆုံးအကြိမ် ပြည်ပသို့ကုန်စည်တင်ပို့မှုကို စတင်ခဲ့ကြောင်း သိရှိရသည်။

မောရစ်သျှနိုင်ငံသို့ အစိုးရချင်းညှိနှိုင်းမှုအစီအစဉ်ဖြင့် ဘာစမာတီမဟုတ်သောဆန်တန်ချိန် ၁၄၀၀၀ ကို တင်ပို့ရန် အိန္ဒိယအစိုးရက ခွင့်ပြုထားသည့်ပမာဏအနက်မှ ယခု ၁၉၅၀ တန်ကို တစ်တန်လျှင် ၄၈၃.၂၃ ဒေါ်လာနှုန်းဖြင့် တင်ပို့ခြင်းဖြစ်ကြောင်း၊ သင်္ဘောတင်စရိတ်၊ အာမခံကြေးနှင့်သယ်ယူစရိတ်များအပါအဝင် မောရစ်သျှနိုင်ငံဆိပ်ကမ်းသို့ အရောက်တန်ဖိုးမှာ တစ်တန်လျှင် ၅၄၈.၃၃ ဒေါ်လာကျသင့်ကြောင်း Hindu Business Line သတင်းဌာနက ဖော်ပြပါသည်။

အိန္ဒိယပြည်ထဲရေးဝန်ကြီးနှင့်သမဝါယမဝန်ကြီးဖြစ်သူ Amit Shah က NCEL လီမိတက်သည် ရူပီးငွေ ကုဋေ ၇၀၀၀ တန်ဖိုးရှိသော ပို့ကုန်အမှာစာများကို လက်ခံရရှိထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ရူပီးကုဋေ ၁၅၀၀၀ တန်ဖိုးရှိသော အမှာစာများအတွက်လည်း ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် NCEL ၏ ပြည်ပပို့ကုန်များမှရရှိသည့် အကျိုးအမြတ်၏ ၅၀% ကို တောင်သူလယ်သမားများထံ ခွဲဝေပေးမည်ဖြစ်ကြောင်းဖြင့် ၂၃-၁၀-၂၀၂၃ နေ့တွင် ကျင်းပသော အမျိုးသားအဆင့် သမဝါယမပို့ကုန်ဆိုင်ရာညီလာခံ၌ ပြောကြားခဲ့သည်။

ဘာစမာတီမဟုတ်သောဆန် တင်ပို့မှုအား တားမြစ်ကန့်သတ်ကြောင်း ဇူလိုင်လ ၂၀ ရက်နေ့တွင် အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် အစိုးရချင်းညှိနှိုင်းမှုအစီအစဉ်အောက်တွင် အဆိုပါဆန်အမျိုးအစားများကို ပို့ကုန်အခွန်ကောက်ခံခြင်းမရှိပဲ တင်ပို့ရန် အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ခွင့်ပြုခဲ့သည့် ကနဦးနိုင်ငံ ၃ ခု တွင် ဘူတန်၊ စင်ကာပူတို့နှင့်အတူ မောရစ်သျှနိုင်ငံသည်လည်း အပါအဝင်ဖြစ်ခဲ့သည်။

ကုန်သွယ်ရေးလေ့လာဆန်းစစ်သူ S Chandrasekaran က အခြေတည်ခါစ အဖွဲ့အစည်းတစ်ခုအနေဖြင့် ယခုကဲ့သို့ တင်ပို့နိုင်မှုမှာ ခြေလှမ်းကောင်းတစ်ရပ်ပင်ဖြစ်ကြောင်း၊ လက်ရှိကာလ၌ ကမ္ဘာ့ဆန်ဈေးကွက်မှာ ရောင်းချသူအားသာမှုရှိသည့် ဈေးကွက်ဖြစ်ပြီး NCEL သည် ဆန်ဈေးနှုန်းများမြင့်မားနေသည့် အခွင့်အလမ်းကိုရယူနိုင်ကြောင်း၊ မောရစ်သျှသို့ ဆန်တင်ပို့ရာတွင် တစ်တန်လျှင် အနည်းဆုံး ၇၅ ဒေါ်လာခန့် ပိုမိုရရှိခဲ့ပြီး တောင်သူလယ်သမားများ၏ ဝင်ငွေကို တိုးတက်စေမည်ဖြစ်ကြောင်း၊ သံတမန်ရေးရာညှိနှိုင်းမှုများနှင့် စားနပ်ရိက္ခာဖူလုံမှုအတွက် တင်သွင်းခြင်းတို့အပေါ် အခြေပြုလျက် ဈေးနှုန်းကို ဆုံးဖြတ်ခြင်းမပြုပါက NCEL အနေဖြင့် အမြတ်ပိုမိုရရှိမည့် ဈေးကွက်ကိုရှာဖွေသင့်ကြောင်း ပြောဆိုပါသည်။

မောရစ်သျှနိုင်ငံရှိ Port Louis မြို့သို့ ဆန်တစ်တန်တင်ပို့ရာတွင် အိန္ဒိယနိုင်ငံ Mundra ဆိပ်ကမ်းမှ သင်္ဘောခ ၂၈ ဒေါ်လာခန့်ကျသင့်ပြီး ထိုင်းနိုင်ငံ၊ ဗန်ကောက်မှ သယ်ယူပို့ဆောင်ခမှာ ၆၉ ဒေါ်လာခန့် ကျသင့်မှုရှိနေချိန်၌ အိန္ဒိယဆန်များကို ထိုင်းဆန်ထက် နည်းပါးသည့်ဈေးနှုန်းဖြင့် တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိကာလတွင် ထိုင်းနိုင်ငံသည် ဆန်ကွဲပါဝင်မှု ၅% ရှိသည့် ဆန်တစ်တန်လျှင် ၅၈၃ ဒေါ်လာနှင့်ဆန်ကွဲပါဝင်မှု ၂၅% ရှိသည့် ဆန် တစ်တန်လျှင် ၅၅၈ ဒေါ်လာနှုန်းဖြင့် ကမ်းလှမ်းရောင်းချမှုရှိကြောင်း သိရှိရသည်။

ဘာစမာတီမဟုတ်သောဆန်တင်ပို့မှုကို အစိုးရကတားမြစ်ကန့်သတ်ထားချိန်တွင် နိုင်ငံပိုင်ကော်ပိုရေးရှင်းကသာ တင်ပို့ခွင့်ရရှိနေမှုအပေါ် ပုဂ္ဂလိကပို့ကုန်လုပ်ငန်းရှင်အချို့က ကျေနပ်မှုမရှိကြောင်း ပြောဆိုလျက်ရှိသည်။ အိန္ဒိယတောင်ပိုင်းဒေသအခြေစိုက် အမည်မဖော်လိုသော ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ၎င်းတို့အနေဖြင့် လူအင်အား၊ စက်ပစ္စည်းအင်အား ရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်ထားရပြီး အချည်းနှီးမဖြစ်သင့်ကြောင်း ပြောကြားခဲ့သည်။ ပြီးခဲ့သော သီတင်းပတ်၌ ဆန်တင်ပို့သူလုပ်ငန်းရှင်များအသင်းက NCEL လီမိတက်တစ်ခုတည်းကိုသာ သီးသန့်ဆန်တင်ပို့ခွင့်ပြုထားသည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခွင့်ပြုရန် သမဝါယမဝန်ကြီးဌာနသို့ စာရေးသားတောင်းဆိုခဲ့သည်။ အဆိုပါအသင်းက ၎င်းတို့အနေဖြင့် တောင်သူလယ်သမားအဖွဲ့အစည်းများထံမှ ဆန်များဝယ်ယူလျက် အစိုးရချင်းညှိနှိုင်း၍ တင်ပို့သည့်လုပ်ငန်းတွင် ပူးပေါင်းပါဝင်ရန်အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

ဆန်ဖြူတင်ပို့ရန်ခွင့်ပြုကြောင်း အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာတိုင်း၌ လက်ရှိနိုင်ငံခြားကုန်သွယ်မှုမူဝါဒ၏ အပိုဒ်အမှတ် ၂-၀၁ အရ NCEL လီမိတက်မှတစ်ဆင့် ဆောင်ရွက်ရန်ဖော်ပြထားသော်လည်း ၎င်းမူဝါဒ၏ နောက်ဆက်တွဲဖော်ပြချက် Appendix 2J တွင် NCEL ကို ထည့်သွင်းထားခြင်းမရှိကြောင်း၊ သို့ဖြစ်ရာ ဥပဒေပိုင်းအရ လုပ်ငန်းလုပ်ဆောင်နိုင်မှုမရှိခြင်းမှ ရှောင်ကြဉ်နိုင်ရန်အတွက် အဆိုပါနောက်ဆက်တွဲကို ပြင်ဆင်ရန်လိုအပ်ကြောင်းဖြင့် Chandrasekaran က ပြောဆိုခဲ့သည်။

သတင်းအရင်းအမြစ်များမှ ပြောကြားချက်များအရ NCEL လီမိတက်အနေဖြင့် အင်ဒိုနီးရှား၊ မလေးရှား၊ ဆီနီဂေါနှင့် ဂမ်ဘီယာတို့အပါအဝင် နိုင်ငံ ၈ ခုသို့ ဆန်တန်ချိန် ၇.၅ သိန်းခန့် ထပ်မံ တင်ပို့ဖွယ်ရှိကြောင်း Hindu Business Line သတင်းဌာနက ဖော်ပြထားပါသည်။

**Source: The Hindu Business Line, 24 Oct 2023, https://www.doca.gov.mm/my/node/14770**

https://myantrade.gov.mm/article/Naypyitaw_1112023_1137

# STOCK EXCHANGE (1.11.2023)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 1st Nov. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,941 (Shares) | 6,115,700 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +100 | +1.14% | 8,900 | 8,900 | 8,900 | 36 | 320,400 | 33,109,694 | 294,676 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,900 | 3,000 | 2,900 | 150 | 440,000 | 38,929,150 | 116,788 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 15 | 120,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,700 | 1,600 | 967 | 1,554,300 | 29,664,613 | 48,947 |
| TMH | 00005 | 2,700 | +100 | +3.85% | 2,600 | 2,700 | 2,600 | 102 | 265,400 | 12,823,224 | 34,623 |
| EFR | 00006 | 2,050 | -50 | -2.38% | 2,050 | 2,100 | 2,050 | 707 | 1,469,400 | 19,977,223 | 40,953 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,700 | 4,900 | 4,700 | 75 | 353,500 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +50 | +2.86% | 1,750 | 1,800 | 1,750 | 889 | 1,592,700 | 23,804,946 | 42,849 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 1st Nov. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.27 | +3.57 | +0.95% | 373.78 | 379.58 | 373.78 | 2,941 | 6,115,700 | 8 | 713,482 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1st Nov. 2023

| Trading Volume | Trading Value |
|---|---|
| 2,941 (Shares) | 6,115,700 (MMK) |

### Main Board

As of 1:00 pm, 1st Nov. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,941 (Shares) | 6,115,700 (MMK) |

| MYANPIX | 378.27 ▲ 3.57 |
|---|---|
| Total Volume (shares) | 2,941 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 713,482 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 100 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 100 |
| EFR | 00006 | 2,050 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 50 |